**သတင်း ထုတ်ပြန်ချက်**

## မြန်မာနိုင်ငံ- ရေရှည်တည်တံ့ခိုင်မြဲသောကြီးထွားမှုအတွက် အခြေခံကျသော ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို လျင်မြန်စွာအကောင်အထည်ဖော်ခြင်း

---

**စင်္ကာပူ၊ အောက်တိုဘာ ၂၂၊ ၂၀၁၉** - မြန်မာ့စီးပွားရေးသည် ၂၀၁၈ ဘဏ္ဍာနှစ် ၆ လကြာ အသွင်ကူးပြောင်းမှုကာလအတွင်း နှေးကွေးလေးလံနေခဲ့ပြီးနောက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်မှ ပြန်လည် ဦးမော့လာခဲ့ပါသည်။ အကြောင်းမှာ အသစ်တစ်ဖန်ပြန်လည်ပြုပြင်ရေး အရှိန်အဟုန်ကြောင့် စီးပွားရေးရပ်တည် ချက်အပိုင်းတွင် အားကောင်းလာခြင်းကြောင့်ဟု ဆိုနိုင်ပါသည်။ ယင်းနှင့်ပတ်သက်၍ အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံး (AMRO) က ယနေ့ထုတ်ပြန်လိုက်သည့် မြန်မာနိုင်ငံဆိုင်ရာ နှစ်ပတ်လည် တိုင်ပင်ဆွေးနွေးမှု အစီရင်ခံစာ ၂၀၁၉ တွင် အလေးပေးဖော်ပြထားပါသည်။ ယင်းအစီရင်ခံစာကို AMRO အဖွဲ့ မြန်မာနိုင်ငံသို့ ၂၀၁၉၊ ဇွန် ၁၈ မှ ၂၇ အတွင်း သွားရောက်ခဲ့သည့် နှစ်ပတ်လည် တိုင်ပင်ဆွေးနွေးရေး ခရီးစဉ်ကို အခြေခံ၍ ရေးသားထားခြင်းဖြစ်ပြီး ၂၀၁၉၊ ဩဂုတ် ၂၃ အထိ ရရှိထားသည့် အချက်အလက်များကို အခြေခံထားပါသည်။

မြန်မာ့စီးပွားရေးသည် ၂၀၁၈ ဘဏ္ဍာနှစ်တွင် ၆.၅ % ဖြင့် အလယ်အလတ်ခန့်ရှိနေရာမှ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် ၆.၈ % တိုးတက်လာခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၇.၁ % ထိရောက်ရှိလာခဲ့ပါသည်။ အကြောင်းမှာ ပြုပြင်ပြောင်းလဲရေးအရှိန်အဟုန် အားကောင်းလာသည်နှင့်အမျှ စီးပွားရေးရပ်တည်ချက်များ အားကောင်းလာခြင်း၊ အထည်အလိပ်နှင့် အခြားကုန်ထုတ်ပစ္စည်းများ တိုးတက်လာခြင်း၊ ခရီးသွားလာရေး နှင့်သက်ဆိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ကျယ်ပြန့်လာခြင်းနှင့် ငွေကြေးသုံးစွဲမှု ပိုမိုအားကောင်းလာခြင်း တို့ကြောင့်ဖြစ်ပါသည်။ ငွေကြေးဖောင်းပွမှုတည်ငြိမ်မှုမရှိခြင်းသည် အဓိကအားဖြင့် ရောင်းလိုအားအကြောင်း အရင်းများကြောင့်ဟု ဆိုနိုင်ပါသည်။ ယင်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၈.၈ % အထိလည်းကောင်း ၊ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် တွင် ၉.၀ % ခန့် အထိ လည်းကောင်း မြင့်တက်လာ မည်ဖြစ်ကြောင်း ခန့်မှန်းခဲ့ပြီး ထိုသို့ဖြစ်ရခြင်း၏ အကြောင်းတစ်ရပ်မှာ လျှပ်စစ်မီတာခ ကောက်ခံမှုနှုန်းတိုးမြှင့်မှုကြောင့် ပါသည်။

တိုးတက်မှုကိုနှောင့်နှေးစေသည့် အဓိကအတားအဆီးများမှာ ရခိုင်ပြည်နယ်၌ လူမျိုးရေးတင်းမာမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်း၊ ကုန်သွယ်ရေးကာကွယ်မှုနှင့် ဆက်စပ်သော ကမ္ဘာ့စီးပွားရေးမရေရာမှုများရှိခြင်း၊ ပထဝီနိုင်ငံရေးစွန့်စားမှုအန္တရာယ်များရှိနေခြင်းနှင့် စွမ်းအင်ဈေးနှုန်းများကြောင့်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်၌ လူမျိုးရေးတင်းမာမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုပိုင်းတွင် အားပျော့လာစေပြီး အထူး သဖြင့် အနောက်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအပေါ် သက်ရောက်မှုရှိနေပါသည်။ ဘဏ်စနစ်သည် အားနည်း နေဆဲဖြစ်ပြီး Basel II အရ ပိုမိုတင်းကျပ်သည့် ဘဏ်လုပ်ငန်းစည်းမျဉ်းဆိုင်ရာမူဘောင်ဖြစ်ပေါ်လာစေရန် အသွင်ကူးပြောင်းနေဆဲဖြစ်ပါသည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်ရေးတင်းမာမှုများကြောင့် တရုတ်ပြည်မှ ဝယ်လိုအား အားနည်းခြင်းကလည်း မြန်မာ့စီးပွားရေးကိုသက်ရောက်မှုရှိနေနိုင်သော်လည်း ကုန်ထုတ်လုပ်မှုပြန်လည်နေရာချထားခြင်းတွင် အထူးသဖြင့် လုပ်သားအသုံးပြုသည့် စက်ရုံများသည် မြန်မာနိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများပြည်တွင်းသို့ စီးဝင်လာခြင်းဖြင့် အကျိုးအမြတ်များရရှိလာနိုင်မည်ဖြစ်ပါသည်။ သို့သော် ထိုအခွင့်အရေးကို အမိအရဖမ်းဆုပ်ထားနိုင်ဖို့ဆိုလျှင် တိုင်းပြည်အနေဖြင့် စီးပွားရေးပတ်ဝန်းကျင် တိုးတက်ရန်နှင့် အခြေခံအဆောက်အအုံများနှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများကို အဆင့်မြှင့်တင်ရန် လိုအပ်ပါသည်။

အချိန်နှင့်တပြေးညီ အကောင်အထည်ဖော်ဆောင်မှုဖြင့် ပြုပြင်ပြောင်းလဲရေးအရှိန်အဟုန်ကို ဆက်လက်ထိန်းထားရန်မှာ စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အသစ်သော မူဝါဒ လုပ်ထုံးလုပ်နည်းများ ဆက်တိုက် ချမှတ်လိုက်ခြင်းကြောင့် ပြုပြင်ပြောင်းလဲရေး အရှိန်အဟုန် မြင့်တက်လာခဲ့ပါသည်။ ယင်း၏ ရလဒ်အနေဖြင့် ရင်းနှီးမြှုပ်နှံသူများ၏ အကောင်းမြင်မှုကလည်း မြင့်တက်လာခဲ့ပါသည်။ သို့သော် ထိုအရှိန်အဟုန်မျိုးကို ဆက်လက်ထိန်းထားနိုင်စွမ်းမရှိပါက ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုးတက်မှုနိမ့်ကျသွားပြီး အလယ်အလတ်တိုးတက်မှုအလားအလာများကိုလည်း ပြန်လည်လျော့နည်းသွားစေနိုင်ပါသည်။ မကြာသေးမီက လျှပ်စစ်မီတာခကောက်ခံမှုနှုန်းထားများ တိုးမြှင့်လိုက်ခြင်းသည် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးများကိုလျှော့ချရန် မျှော်လင့်သည့်အတွက် ထိုသို့ဆောင်ရွက်လိုက်ခြင်းကို ကြိုဆိုလက်ခံသော်လည်း ငွေကြေးဖောင်းပွမှုအပေါ် တစ်ကြိမ်ဆို ဆိုသလောက် သက်ရောက်မှုရှိမည်ဖြစ်ပါသည်။

AMRO သည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) စတင်ဆောင်ရွက်ချက်အား အသိအမှတ်ပြုလက်ခံခဲ့ပြီး ယင်းစီမံကိန်းသည် ၂၀၁၈-၂၀၃၀ ကာလအတွင်း နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက်နှင့် ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရန် မူဝါဒများ ဖော်ပြထားပါသည်။ သို့ရာတွင် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုအလုံးအရင်းများအတွက် လူ့စွမ်းအားအရင်းအမြစ်ကန့်သတ်ချက်များနှင့် တိုးတက်မှုအလားအလာမြင့်မားလာစေရန်အတွက် အခြေခံ အဆောက်အအုံဆိုင်ရာ ပိတ်ဆို့မှုများဖြေရှင်းရန် အရေးတကြီးလိုအပ်လျက်ရှိပါသည်။ ထို့အပြင် မူဝါဒများကို အကောင်အထည်ဖော်ရန်အတွက် တည်ငြိမ်ပြီး လုံလောက်မှုရှိသော ရန်ပုံငွေအရင်းအမြစ်များရရှိရန်အတွက် အခွန်ဝင်ငွေစနစ် အားကောင်းလာစေရေး ဖြည့်ဆည်းပေးရန်အတွက် ပြည်သူ့ဝန်ဆောင်မှု စွမ်းဆောင်မှုစွမ်းရည် မြှင့်တင်ရန် အလွန်အရေးကြီးပါသည်။

အတိုးနှုန်းထားများနှင့်ပတ်သက်၍ ပြောင်းလွယ်ပြင်လွယ်ရှိမှုကို အားကောင်းလာစေသည့်နည်းတူ အရန်ငွေ သတ်မှတ်ထားရှိရေးမူဘောင်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ ငွေကြေးဈေးကွက်များ ထပ်မံတိုးတက်လာသည်နှင့်အမျှ အတိုးနှုန်းထားများ တဖြည်းဖြည်း ဖြေလျှော့ပေးခြင်းသည် အလယ်အလတ်ကာလအတွင်း မူဝါဒထိရောက်မှုကို တိုးမြှင့်သင့်သော်လည်းဖြေလျှော့မှုများ ထပ်မံပြုလုပ်

လို သည့်အခါတွင်မှ သတိထား၍ ဆောင်ရွက်သွားသင့်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM) အနေဖြင့်ဈေးကွက်အင်အားများနှင့်အညီ ငွေကြေးလဲလှယ်နှုန်းကို ပြောင်းလွယ်ပြင်လွယ်ရှိမှုအောင် ဆက်လက်ထိန်းညှိပေးထားရမည်ဖြစ်ပြီး ပြင်ပအနှောင့်အယှက်များကို စီမံခန့်ခွဲနိုင်သည့်စွမ်းဆောင်မှု စွမ်းရည်မြှင့်တင်ရန်အတွက် နိုင်ငံတကာငွေကြေးအရန်ငွေ ကိုင်ဆောင်ထားမှုများကိုလည်း ဆက်လက် တည်ဆောက်သင့်ပါသည်။

ဘဏ်စနစ် ခိုင်မာအားကောင်းလာစေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM)၏ စည်းမျဉ်းစည်းကမ်းများနှင့် ကြီးကြပ်ကွပ်ကဲမှုစွမ်းဆောင်ရည်ကို ပိုမို အားကောင်းအောင် ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။ တစ်ချိန်တည်းမှာပင် အမျိုးမျိုးသော မိတ်ဖက်များမှတစ်ဆင့် ဘဏ္ဍာရေးစနစ်ကို ခေတ်မီလာ စေရန် နိုင်ငံခြားအရင်းအနှီးနှင့် ကျွမ်းကျင်မှုအပေါ်မှုတည်ပြီး အထိရောက်ဆုံးအသုံးပြုနိုင်ဖို့လိုအပ်ပါသည်။ ဘဏ္ဍာရေးတည်ငြိမ်မှုကို အန္တရာယ်ကိုလျော့ပါးစေရန် အလယ်အလတ်ကာလ ပြန်လည်ထူထောင်ရေးလုပ်ဆောင်ရန်လိုအပ်သော်လည်း နိုင်ငံပိုင်ဘဏ်များ၏ ပြုပြင်ပြောင်းလဲမှုများဆက်လက် လုပ်ဆောင်သင့်ပါသည်။

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ စီးပွားရေးအလားအလာပေါ် ခြုံငုံသုံးသပ်မှုပြုလုပ်ပေးရုံသာမက နိုင်ငံ၏ မေခရိုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါသော ရွေးချယ်ထားသည့် နယ်ပယ်သုံးခုနှင့်ပတ်သက်၍ ဖော်ပြထားရာတွင်- လျှပ်စစ်ကဏ္ဍပြုပြင်ပြောင်းလဲခြင်း၊ နိုင်ငံပိုင်ဘဏ်များအား အသွင်ပြောင်းလဲခြင်း (စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လွယ်ကူချောမွေ့စေရန်)နှင့် အတိုးနှုန်းဖြေလျှော့ခြင်းအပေါ် ဝေဖန်သုံးသပ်ခြင်းတို့ဖြစ်ပါသည်။

**AMRO နှင့် AMRO ၏ နှစ်ပတ်လည် တိုင်ပင်ဆွေးနွေးမှု အစီရင်ခံစာနှင့်ပတ်သက်၍ -**

ASEAN+၃ မေခရိုစီးပွားရေးသုတေသနရုံး (AMRO) သည် အာဆီယံ+၃ ဒေသတွင်းရှိ နိုင်ငံများ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးတည်ငြိမ်မှုတို့တွင် ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ပံ့ပိုးကူညီနိုင်ရန် ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ယင်းနိုင်ငံများတွင် အရှေ့တောင်အာရှ (အာဆီယံ) အသင်းဝင် ၁၀ နိုင်ငံအပြင် တရုတ်၊ ဟောင်ကောင်၊ တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့ ပါဝင်ပါသည်။ AMRO သည် ၎င်း၏လုပ်ပိုင်ခွင့်နှင့်အညီ ဒေသဆိုင်ရာ မေခရိုစီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာခြင်း ဆောင်ရွက်ရန်၊ ဒေသဆိုင်ရာ ငွေရေးကြေးရေး အစီအစဉ်ဖြစ်သည့် ချင်းမိုင်နိုင်ငံစုံ အဖွဲ့စုံပါဝင်သောအဖွဲ့ (CMIM) အကောင်အထည်ဖော်ဆောင်ရေးအား ကူညီ ပံ့ပိုးရန်နှင့် ယင်း၏ အဖွဲ့ဝင်နိုင်ငံများအား အဖွဲ့ဝင်များအား နည်းပညာအကူအညီပေးရန်စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ဤနှစ်ပတ်လည် တိုင်ပင်ဆွေးနွေးမှုအစီရင်ခံစာကို AMRO ၏လုပ်ပိုင်ခွင့်အညီ ပြင်ဆင်ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ AMRO အနေဖြင့် အဖွဲ့ဝင်နိုင်ငံများအား ၎င်းတို့၏ မက်ခရိုစီးပွားရေးအခြေအနေအရပ်ရပ်နှင့် ဘဏ္ဍာရေးခိုင်မာမှုတို့နှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ အစီရင်ခံတင်ပြခြင်းတို့ ပြုလုပ်ပေးရမည့်တာဝန်ရှိပါသည်။ ထို့အပြင် ဆက်စပ်ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များနှင့် အားနည်း

နေရာချက်များကို ဖော်ထုတ်သတ်မှတ်ပေးခြင်း၊ အဖွဲ့ဝင်နိုင်ငံများအား အကူအညီပေးခြင်း၊ အကယ်၍ တောင်းဆိုလာပါက အဆိုပါ ဘေးအန္တရာယ်များလျော့ပါးစေရန် မူဝါဒဆိုင်ရာ အကြံပြုချက်များကို အချိန်နှင့် တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

*ကြေညာချက်။ [မြန်မာ] ဘာသာဖြင့် ထုတ် ဝေမှုသည် မူရင်းအင်္ဂလိပ်ဘာသာကို ဘာသာ ပြန်ထားခြင်းဖြစ်သည်။ ဘာသာပြန် တိကျစေရန် အဖက်ဖက်မှ အားထုတ်ထားသော်ငြားလည်း၊ ကွဲလွဲမှုတစ်စုံတစ်ရာရှိပါက မူရင်း အင်္ဂလိပ်ဘာသာသည်သာ အတည်ဖြစ်သည် ။*

**နောက်ထပ်သတင်းအချက်အလက်များအတွက် ဆက်သွယ်ရန်**


Huong Lan Vu (Ms.), ပြည်သူ့ဆက်ဆံရေးအရာရှိ

အီးမေးလ်။ vu.lanhuong@amro-asia.org

မိုဘိုင်းဖုန်း။ +65 88763598, DID: +65 63239885

ဝဘ်ဆိုဒ်၊ www.amro-asia.org

LinkedIn | Flickr | YouTube: AMRO Asia